၂၀၁၅ အောက်တိုဘာလ ၂၃ ရက်၊ သောကြာနေ့ ဂရင်းနစ်စံတော်ချိန် ၂ နာရီထိ ထုတ်ပြန်ခြင်းမပြုရန်

# သမိုင်းဝင်မည့်ရွေးကောက်ပွဲဆီ နီးကပ်လာသော မြန်မာနိုင်ငံတွင် လျှို့ဝှက်ကျောက်စိမ်းလုပ်ငန်းမှာ ဒေါ်လာ ၃၁ ဘီလျံတန်ဖိုးရှိကြောင်း နှင့် ယင်းကို စစ်တပ်ရေပေါ်ဆီများနှင့် မူးယစ်ရာဇာများက ထိန်းချုပ်ထားကြောင်း အစီရင်ခံစာသစ်က ဖော်ထုတ်ပြီ

မြန်မာနိုင်ငံ၏ ကြီးမားကျယ်ပြန့်သော ကျောက်စိမ်းလုပ်ငန်းကို စစ်တပ် ရေပေါ်ဆီလူတန်းစားများ၊ မူးယစ်ရာဇာများနှင့် စစ်အစိုးရလက်ထက် အမှောင်ဆုံးနေ့များနှင့် ဆက်စပ်နေသည့် ခရိုနီကုမ္ပဏီများက တိတ်တဆိတ် ထိန်းချုပ်ထားကြောင်း Global Witness ၏ ၁၂ လကြာ အပြင်းအထန် စုံစမ်းစစ်ဆေးမှုများက ယနေ့ ဖော်ထုတ်လိုက်ပါသည်။

မြန်မာနိုင်ငံတွင် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ နီးကပ်လာချိန်တွင် "ကျောက်စိမ်း - မြန်မာနိုင်ငံ၏ နိုင်ငံတော်လျှို့ဝှက်ချက်ကြီး" ဆိုသည့် ဤအစီရင်ခံစာသည် ပွင့်လင်းမှုတသော အနာဂတ်တွင် အများဆုံး ဆုံးရှုံးရန်ရှိသည့် ရေပေါ်ဆီများက ဒေါ်လာသန်း ထောင်နှင့်ချီတန်သော တရားမဝင်ကိစ္စများအတွက်သုံးရန်ထားသည့် ရံပုံငွေများကို လက်လှမ်းမီ ရရှိနေကြသည်ကို ဖော်ပြထားပါသည်။ ယင်းသည် မြန်မာအစိုးရတွင်းက ပြုပြင်ပြောင်းလဲလိုသူများနှင့် မြန်မာအစိုးရ၏ နိုင်ငံတကာ လုပ်ငန်းဖက်များ၊ အထူးသဖြင့် အမေရိကန်အနေဖြင့် အချက်ပေး ခေါင်းလောင်းသံတစ်ခု ဖြစ်သင့်ပါသည်။

Global Witness မှ တွေ့ရှိချက် အသစ်များနှင့် လေ့လာသုံးသပ်ချက်အရ မြန်မာနိုင်ငံ၏ ကျောက်စိမ်း ထုတ်လုပ်မှုသည် ၂၀၁၄ ခုနှစ် တစ်နှစ်တည်းမှာပင်လျှင် အမေရိကန် ဒေါ်လာ ၃၁ ဘီလျံထိ များပြားကြောင်း တွေ့ရှိရပါသည်။ ယင်းကိန်းဂဏန်းသည် မြန်မာနိုင်ငံ၏ ပြည်တွင်း အသားတင် ကုန်ထုတ်လုပ်မှု တန်ဖိုး GDP ၏ တစ်ဝက်နီးပါး ရှိပြီး ကျန်းမာရေးအသုံးစရိတ်၏ ၄၆ ဆ ရှိပါသည်။ သို့သော် ဒေသခံပြည်သူများမှာ အကျိုးကျေးဇူးများ သိပ်မခံစားရပါ။

အစီရင်ခံစာက ဖော်ပြသည်မှာ အာဏာရှင်ဟောင်း ဦးသန်းရွှေ၊ အာဏာရပါတီမှ ထိပ်ပိုင်း ခေါင်းဆောင်များ ဖြစ်သည့် ဂန်ကြီး ဦးအုန်းမြင့် နှင့် ဦးမောင်မောင်သိမ်းတို့ အပါအဝင် နာမည်ဆိုးဖြင့် ကျော်ကြားသည့် ပုဂ္ဂိုလ်များ၏ မိသားစုများသည် ကျောက်စိမ်းလုပ်ငန်းတွင် အဓိက လုပ်ကိုင်သူများ ဖြစ်ကြပါသည်။ ထို့အပြင် အမေရိကန်နိုင်ငံက ပိတ်ဆို့အရေးယူထားသည့် မူးယစ်ရာဇာ ဝေရှောက်ခန်သည် နာမည်ခံကုမ္ပဏီ အများအပြားမှ တဆင့် ဤလုပ်ငန်းတွင် လွှမ်းမိုးထားနိုင်သည့် အခန်းကဏ္ဍကို ယူထားပါသည်။ တချိန်တည်းမှာပင် မြန်မာစစ်တပ်ကလည်း ကိုယ်ပိုင်လုပ်ငန်းစုကြီးများမှ အမြတ်ဝေစုကြီးကြီးကို ရယူထားသည့်အပြင် ကချင်ပြည်နယ်တွင်း အရာရှိများကလည်း ခြိမ်းခြောက် ငွေညှစ်တောင်းဆိုမှုများလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေပါသည်။

"မြန်မာပြည်က ကျောက်စိမ်းလုပ်ငန်းဟာ ခေတ်သစ်သမိုင်းမှာ သဘာဝသယံဇာတတွေကို အကြီးမားဆုံး ခိုးယူလုယက်မှုကြီးလို့ ဆိုကောင်း ဆိုနိုင်ပါတယ်။ ၂၀၁၁ က စလို့ တံဆိပ်ပြောင်းတပ်ထားတဲ့ အစိုးရက သူတို့ဟာ အတိတ်က ရက်စက်တဲ့ စစ်အုပ်ချုပ်ရေးစနစ်၊ ခရိုနီစနစ် နဲ့ လူ့အခွင့်အရေးချိုးဖောက်မှု စာမျက်နှာကို လှန်လိုက်တော့မယ်လို့ ကမ္ဘာကို ကြေညာခဲ့တယ်။ ဒါပေမယ့် တိုင်းပြည်ရဲ့ အဖိုးတန်ဆုံး သဘာဝအရင်းအမြစ် နဲ့ ဆွဲမက်စရာ အရည်အသွေးနဲ့ တောက်ပတဲ့ ကျောက်မျက်ရတနာ ဖြစ်တဲ့

ကျောက်စိမ်းကဏ္ဍမှာတော့ လက်တွေ့အခြေအနေက တမျိုးတဖုံ ဖြစ်နေပါတယ်" ဟု Global Witness ၏ လေ့လာသုံးသပ်သူ ဂျူမန် ခတ်ဘာက ပြောကြားသည်။

"ဒီလို အလွန် ကြီးမားပြီး ညစ်ပတ်ထားတဲ့ လုပ်ငန်းကို စစ်ဗိုလ်ချုပ်ဟောင်းတွေ၊ အမေရိကန်က ပိတ်ဆို့ အရေးယူထားတဲ့ ဘိန်းရာဇဝတ်ဂိုဏ်းတွေ နဲ့ သေနတ်ကိုင်ထားသူတွေက ဆက်ပြီး ထိန်းချုပ်ထားကြပါတယ်။ နာမည်ခံကုမ္ပဏီတွေနဲ့ နာမည်ခံပိုင်ရှင်တွေရဲ့ နောက်ကွယ်ကနေ ဒီရေပေါ်ဆီတွေက ကြီးမားတဲ့ အမြတ်တွေကို ထုတ်ယူနေကြတယ်။ ဒါပေမယ့် ဒေသခံတွေကတော့ အခွင့်အရေး ချိုးဖောက်ခံနေရပြီး သူတို့ရဲ့ သဘာဝအရင်းအမြစ် အမွေအနှစ်တွေဟာ သူတို့ခြေထောက်အောက်ကနေ လုယက်ခံနေရတာကို ဒီအတိုင်း ကြည့်နေရတယ်။"

ကျောက်စိမ်းလုပ်ငန်းသည် လူထုအတွက် ကသောင်းကနင်း ဒုက္ခရောက်စေသည့်အပြင် ကျောက်စိမ်းများ တူးဖော်ထုတ်ယူသည့် ကချင်ပြည်နယ်၏ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်ပျက်စီးစေပါသည်။ ကျောက်စိမ်းတူးဖော်သည့် ပတ်ဝန်းကျင်က အခြေအနေများသည် လူကို သေဆုံးသည်အထိ အန္တရာယ်များလှ ရှိပါသည်။ ထို့အပြင် မူးယစ်ဆေးဝါးနှင့် ပြည့်တန်ဆာများလည်း ပျံ့နှံ့ရောက်ရှိနေပါသည်။ သေနတ်ကိုင်သူများနှင့် စက်ယန္တရားများကို ဆန့်ကျင်ကန့်ကွက်သူများမှာမူ မြေသိမ်းခံရမှုများ၊ ခြိမ်းခြောက်ခံရမှုများအပြင် အကြမ်းဖက် ခံရမှုများနှင့် ရင်ဆိုင်ရပါသည်။ ကျောက်စိမ်းလုပ်ငန်းသည် ကချင်ပြည်နယ်တွင်းရှိ လူတစ်ဦးချင်းစီအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၁,၀၀၀ တန်ဖိုးနှင့် ညီမျှသော ဝင်ငွေပမာဏကို ရှာပေးနိုင်မည့် လုပ်ငန်း ဖြစ်သော်လည်း ဒေသခံများမှ ဤလုပ်ငန်းမှ စနစ်တကျ ဖယ်ထုတ်ခံထားရသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆုံးရှုံးမှုနှင့် သဘာဝ ပတ်ဝန်းကျင် အကြီးအကျယ် ပျက်စီးမှုများသည် အလွန်မတည်ငြိမ်သည့် ဒေသတွင် ဆူပူမှု နှင့် မကျေနပ်မှုများကို ဖြစ်ပေါ်စေပါသည်။

ကျောက်စိမ်းလုပ်ငန်းသည် ဗဟိုအစိုးရနှင့် ကချင်လွတ်လပ်ရေးတပ်မတော် / ကချင်လွတ်လပ်ရေးအဖွဲ့ (KIA/KIO) တို့ကြား မြန်မာနိုင်ငံ၏ အပြင်းထန်ဆုံး လက်နက်ကိုင် ပဋိပက္ခကို ဖြစ်စေသည့် အဓိက တွန်းအားတစ်ခု ဖြစ်ပါသည်။ ကျောက်စိမ်းလုပ်ငန်းသည် စစ်ပွဲအတွင်း နှစ်ဘက်စလုံးအတွက် ရံပုံငွေများကို ရှာဖွေပေးပြီး ယင်းစစ်ပွဲသည် ထောင်နှင့်ချီသည့် လူ့အသက်များကို ဆုံးရှုံးစေသည့်အပြင် ၂၀၁၁ ခုနှစ် စစ်ပွဲများ ပြန်ဖြစ်ပြီးကတည်းက  လူ ၁၀၀,၀၀၀ ကို နေရာရွှေ့ပြောင်းစေခဲ့ပါသည်။ ယင်းအခြေအနေသည် စစ်ဗိုလ်ချုပ်များ နှင့် အစိုးရအတွင်းရှိ သဘောထား တင်းမာသူများအတွက် ပဋိပက္ခကို အချိန်ဆွဲထားရန် နှင့် ကျောက်စိမ်းလုပ်ငန်း ပိုမိုပွင့်လင်းမြင်သာလာပါက ၎င်းတို့ ဆုံးရှုံးနိုင်မည့် အဖိုးတန်ပစ္စည်းများကို ကာကွယ်ထားရန် တွန်းအားများ ဖြစ်စေခဲ့ပါသည်။ ဤအစီရင်ခံစာက ထောက်ခံသည့်အချက်မှာ ကချင်ပြည်နယ်တွင်းရှိ ကျောက်စိမ်းလုပ်ငန်းမှ မည်သူတို့ စီမံခန့်ခွဲပြီး မည်သူတို့ အကျိုးအမြတ် ဖြစ်နေကြောင်း မေးခွန်းကို ယခုပင် ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ပြီး ပဋိပက္ခကို အဆုံးသတ်မည့် ပြည့်စုံသော ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ခုဆီ တက်လှမ်းသွားရန်ပင် ဖြစ်သည်။

"ဒီအစီရင်ခံစာမှာ ဖော်ထုတ်လိုက်တဲ့ အခြေအနေက အလွန်ဆိုးရွားနေသလိုပဲ အပြောင်းအလဲလုပ်ဖို့ အခွင့်အလမ်းတွေက အမှန်တကယ်ရှိနေပြီး အရေးတကြီး ဆောင်ရွက်ဖို့လည်း လိုနေပါတယ်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ လုပ်နေတုန်းမှာပဲ အစိုးရတွင်း ပြုပြင်ပြောင်းလဲသူတွေက ပြီးခဲ့တဲ့နှစ်က သဘာဝ သယံဇာတ အရင်းအမြစ်များ ထုတ်ယူမှုဆိုင်ရာ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး အစီအစဉ် (EITI) မှာ လက်မှတ်ရေးထိုးခဲ့တယ်။ EITI ဆိုတာက ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သယံဇာတ တူးဖော်ရေး လုပ်ငန်းတွေမှာ အဂတိလိုက်စားမှု နဲ့ အခွင့်အရေး ချိုးဖောက်မှုတွေ ရပ်တန့်အောင် လုပ်မယ့် နိုင်ငံတကာ

အစီအစဉ်ပါ။ EITI ကတော့ အပြောင်းအလဲအတွက် အများယုံကြည်လက်ခံနိုင်မယ့် မူဘောင်တစ်ခုကို အကြံပြု ကမ်းလှမ်း ထားပါတယ်။ ဒါပေမယ့် ကျောက်စိမ်းလုပ်ငန်းအတွက် ဒီအကြံပြုချက်တွေကို တကယ်လို့ အာဏာပိုင်တွေ ဘက်က ပွင့်ပွင့်လင်းလင်းနဲ့ အပြည့်အဝ အရေးတကြီး မဆောင်ရွက်ဘူးဆိုရင် ဒီလုပ်ငန်းစဉ်ဟာ အတုအယောင် တစ်ခုသာ ဖြစ်လာနိုင်ပါတယ်” ဟု ဂျူမန် ခတ်ဘာက ပြောသည်။

ကျောက်စိမ်းလုပ်ငန်းသည် မြန်မာနိုင်ငံနှင့်ဆိုင်သည့် အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒအပေါ် အဓိက စမ်းသပ်မှုတစ်ခုလည်း ဖြစ်ပါသည်။ အမေရိကန်သည် သဘာဝအရင်းအမြစ်များ ထုတ်ယူသည့် လုပ်ငန်းတွင် မြန်မာအစိုးရနှင့် လုပ်ငန်းဖက်တစ်ဦးဖြစ်ပြီး EITI ကို အဓိက ထောက်ခံသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ အမေရိကန်သည် အာဏာရှင် ဦးသန်းရွှေ အုပ်ချုပ်စဉ်အတွင်းမှ စတင်ကာ ကျောက်စိမ်း ကဏ္ဍအပေါ် သီးသန့်ပိတ်ဆို့မှုများလည်း လုပ်ထားပြီး စစ်အာဏာရှင်များ၏ အကျင့်ပျက်အဖွဲ့ဝင်များအပေါ် ငွေကြေးနှင့် အာဏာများ မရောက်ရှိစေရန် ဖြစ်သည်။ သို့သော် ဤအစီရင်ခံစာက ဖော်ပြနေသည်မှာ ယင်းပုဂ္ဂိုလ်များ သည်ပင်လျှင် ယနေ့ ကျောက်စိမ်းလုပ်ငန်းကို လွှမ်းမိုးချုပ်ကိုင်ထားကြပြီး မူးယစ်ဆေးဝါး လုပ်ငန်းတွင် ပါဝင်မှုကြောင့် အမေရိကန်က ပိတ်ဆို့အရေးယူထားသော အခြားနာမည်ကြီးပုဂ္ဂိုလ်များလည်း ပါဝင်ပါသည်။

Global Witness က အကြံပြုထောက်ခံသည့်အချက်မှာ အမေရိကန်အပြင် မြန်မာနိုင်ငံ၏ အခြားသော လုပ်ငန်းဖက်များအနေဖြင့် ပိတ်ဆိုမှု လျော့ချရေး နှင့် အနာဂတ်အတွက် ထောက်ပံ့ကူညီမှုများအတွက် ကျောက်စိမ်းလုပ်ငန်းတွင် ပြုပြင်ပြောင်းလဲမှုများကို စံသတ်မှတ်ချက်တစ်ခုအနေဖြင့် ထားရှိသင့်ပါသည်။ ယင်းသို့ပြုလုပ်ရာတွင် ထိန်းချုပ်မှု နှင့် အကျိုးအမြတ်များကို ကချင်ပြည်နယ် နှင့် သာတူညီမျှ ခွဲဝေသုံးစွဲရန် ဦးစားပေးသင့်ပြီး ဤလုပ်ငန်းအပေါ် မြန်မာ ပြည်သူလူထုထံသို့ တာဝန်ခံမှု ပြုရပါမည်။

“ဒီအစီရင်ခံစာမှာ နာမည်တပ်ဖော်ပြထားတဲ့ လူပုဂ္ဂိုလ်တွေအပေါ် အမေရိကန်က ပိတ်ဆို့ထားတာတွေ၊ သယံဇာတအရင်းအမြစ် ထုတ်ယူမှုလုပ်ငန်း ပြုပြင်ပြောင်းလဲရေးတွေမှာ အမေရိကန်က ဦးဆောင် ပါဝင်နေတာတွေက ကျောက်စိမ်းလုပ်ငန်းကနေ စစ်တပ်၊ ခရိုနီ နဲ့ မူးယစ်ရာဇာတွေကို ဆွဲထုတ်ဖို့ အမေရိကန်အတွက် ထူးခြားတဲ့ အခြေအနေတစ်ရပ် ဖန်တီးပေးထားသလို ဖြစ်ပါတယ်။ နိုဝင်ဘာ ရွေးကောက်ပွဲကနေ ထွက်လာမယ့် အစိုးရသစ်နဲ့ ပူးတွဲဆောင်ရွက်တဲ့အခါ ဒီအချက်ကို အမေရိကန်အနေနဲ့ ဦးစားပေး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်” ဟု ဂျူမန် ခတ်ဘာက ပြောကြားပါသည်။

ပြီးဆုံး။

ဆက်သွယ်ရန်

လန်ဒန် - အိုလီဗာ ကော့တ်နီ +၄၄ (၀) ၇၉ ၁၂ ၅၁၇ ၁၄၇, ocourtney@globalwitness.org;

အရှေ့တောင်အာရှ - ဂျူမန် ခတ်ဘာ +၉ ၅ (၀) ၉ ၉ ၇၀၄၉၈၅၃၅, jkubba@globalwitness.org, မိုက် ဒေးဗစ် Mike Davis +၈၅၅ ၇၇၉၇ ၅၀၀၂, mdavis@globalwitness.org

အယ်ဒီတာများအတွက် မှတ်ချက်

၁။ အစီရင်ခံစာကို ၂၃ အောက်တိုဘာ ၂၀၁၅ မှ စ၍ www.globalwitness.org/myanmarjade တွင် ရယူနိုင်ပါသည်။
၂။ ကျောက်စိမ်းလုပ်ငန်းခွင်များ၊ ယင်း၏ အကျိုးသက်ရောက်မှုများ နှင့် ဖားကန့်ရှိ နေ့စဉ်ဘဝများ နှင့်ပတ်သက်သည့် အရည်အသွေးမြင့် ဓာတ်ပုံများကို အသုံးပြုခွင့် ရယူလိုလျှင် မင်းဇေယျာဦး - minzayar88@gmail.com - ကို ကျေးဇူးပြု၍ ဆက်သွယ်ပါ။
၃။ ၂၀၁၄ ခုနှစ်တွင် မြန်မာကျောက်စိမ်းကဏ္ဍ၏ ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၁ ဘီလျံရှိသည်ဆိုသည့် တွက်ချက်မှုအခြေခံကို အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားပါသည်။ တွက်ချက်ထားမှုကို အကျဉ်းချုပ်အားဖြင့် ဖော်ပြရလျှင် -

a. ၂၀၁၄ ခုနှစ်အတွင်း ကျောက်စိမ်းထုတ်လုပ်မှုအကြောင်း မြန်မာအစိုးရ၏ အချက်အလက်များ
b. ၂၀၁၄ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် (ယင်းနှစ်က ကျင်းပသည့် ထိုပြပွဲသည် နိုင်ငံတကာ ဝယ်ယူသူများကို ရည်ရွယ်သည့် အဓိက တရားဝင် ပြပွဲဖြစ်သည်) ရောင်းချရမှုများကို ခွဲခြမ်းစိတ်ဖြာပြီး ကျောက်စိမ်းအမျိုးအစားတစ်ခုချင်းစီ၏ ပျမ်းမျှဈေးနှုန်း ခန့်မှန်းချေ နှင့် ၂၀၁၄ အောက်တိုဘာလက အထည်ကျောက် ကျောက်စိမ်းများ (အရည်အသွေးနိမ့်) ပြည်တွင်း ရောင်းချရမှုတစ်ခုမှ အချက်အလက်များ
c. ၂၀၁၃ ခုနှစ်ထုတ် Harvard Ash Center/Proximity Designs အစီရင်ခံစာတွင် ဖော်ပြသည့် 'အရည်ကျောက်' (အရည်အသွေးမြင့်)၊ 'အသားကျောက်' (အလယ်အလတ်အရည်အသွေး)နှင့် 'အထည်ကျောက်' (အရည်အသွေးနိမ့်) ကျောက်စိမ်းထုတ်လုပ်မှု အချိုးအစား ခန့်မှန်းခြေများ

အမေရိကန်ဒေါ်လာ ၃၁ ဘီလျံဆိုသည်မှာ တရားဝင် ကျောက်စိမ်းထုတ်လုပ်မှု တစ်ခုတည်းမှ ခန့်မှန်းတန်ဖိုးပင် ဖြစ်သည်။ ကျောက်စိမ်းတွင်းနေရာများမှ တရားမဝင် ထုတ်လုပ်ရောင်းချမှု တစ်စုံတစ်ရာမျှ မပါဝင်ပါ။

၄။ ၂၀၁၄ ခုနှစ်အတွင်း ကျောက်စိမ်းထုတ်လုပ်မှု ခန့်မှန်းတန်ဖိုးကို Global Witness က နောက်တစ်နည်းဖြင့်လည်း တွက်ချက် ထုတ်ပြန်ထားပါသည်။ တရုတ်အစိုးရ၏ ၂၀၁၄ ခုနှစ်အတွက် သွင်းကုန်အချက်အလက်များတွင် မြန်မာနိုင်ငံမှ - ကျောက်စိမ်း အများအပြားပါဝင်သော - ကျောက်မျက်များ တင်သွင်းမှု တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလျံ ရှိပါသည်။ သို့သော် ယင်းကိန်းဂဏန်းများသည် ၂၀၁၄ ခုနှစ်အတွင်း စုစုပေါင်း ကျောက်စိမ်းထုတ်လုပ်မှု၏ သုံးပုံတစ်ပုံမျှပင် မရှိပါ။ မြန်မာပြည်မှ ကျောက်စိမ်းအားလုံးနီးပါးမှာ တရုတ်နိုင်ငံသို့ ရောက်ရှိသော်လည်း ကျန်ရှိသည့် ကျောက်စိမ်းများမှာ တရုတ်အစိုးရ၏ တရားဝင် သွင်းကုန်စာရင်းတွင် ထင်ဟပ်ဖော်ပြမှု မရှိပါ။ တရုတ်နိုင်ငံ၏ ၂၀၁၄ ခုနှစ်အတွင်း သွင်းကုန်အချက်အလက်များအရ တရုတ်နိုင်ငံကို တင်သွင်းသည့် ကျောက်စိမ်းတစ်ကီလိုဂရမ်၏ ပျမ်းမျှဈေးနှုန်း နှင့် ထိုနှစ်အတွင်း မြန်မာအစိုးရ၏ ထုတ်လုပ်မှု ကိန်းဂဏန်းများကို တွက်ချက်ကြည့်မည်ဆိုလျှင် ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၈ ဘီလျံနီးပါး ရရှိပါသည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ်တွင် ကျောက်စိမ်းကဏ္ဍ၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀ ဘီလျံကျော် ရှိမည်ဟု ထပ်လောင်း ညွှန်းဆိုနေပေသည်။